## တည်းဖြတ်သူ အမှာစာ

### ဒေါက်တာခင်မောင်ဝင်း (သချာ)

ဦးကြည်မောင်၏ 'အုပ်ချုပ်ပိုင်ခွင့် ' (Political Legitimacy (or ) right to Rule ) ကျမ်းကို နိုင်ငံရေးဝါဒ အကျဉ်းချုပ်ဟူ၍ခေါင်းစဉ်ပေးနိုင်ပါသည်။ သို့သော်အန်ကယ် ဦးကြည်မောင်ပေးသော ခေါင်းစဉ်မပြောင်းလို၍ အန်ကယ်ပေးသည့် ခေါင်းစဉ်အတိုင်း ထားလိုက်ပါသည်။ ဤကျမ်းသည် အုပ်ချုပ်ပိုင်ခွင့်၏သဘောတရားကို ဗဟိုပြု၍ နိုင်ငံရေးသိပ္ပံသဘောတရားများကို ပညာပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးသိပ္ပံ ကျမ်းများကို မဖတ်ဘူးသေးသောသူများသည် ဤစာအုပ်ကို ဖတ်လိုက်ရုံဖြင့် နိုင်ငံရေးသဘောတရားများ အကျဉ်းကို မှတ်မိသွားနိုင်ပါ သည်။ အုပ်ချုပ်ပိုင်ခွင့်ကို မှီ၍၊ ၎င်းနှင့်ဆက်စပ်နေသော နိုင်ငံရေးသဘောတရားများဖြစ်သည့် **democracy** (ဒီမိုကရေစီ)၊ dictatorship (အာဏာရှင်စနစ်)၊ Power (အာဏာ)၊ representative (ကိုယ်စားလှယ်) အစရှိသော ဝေါဟာရများအကြောင်းကိုလည်း ပြောသွားသောကြောင့် များစွာပညာတိုးပါသည်။

ရှေးဦးစွာ အုပ်ချုပ်ပိုင်ခွင့်ဟူသော ဝေါဟာရနှင့် ပတ်သက်၍ ဆွေးနွေးထားပါသည်။ ဤဝေါဟာရနှင့် ပတ်သက်၍ အုပ်ချုပ်သူများဘက်မှရှိသော အမြင်နှင့် အုပ်ချုပ်ခံရသူများဘက်မှ အမြင်တို့၏ ကွဲပြားခြားနားပုံကို ဖော်ပြထားပါသည်။ သို့ရာတွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူများ နှစ်ဦးစလုံး လက်ခံနိုင်သော စံနှုန်း၊ တန်ဖိုးများကိုလည်း ဆွေးနွေးထားပါသည်။

အုပ်ချုပ်ပိုင်ခွင့်နှင့် ဆက်စပ်ပြီး မီဒီယာ၊ နိုင်ငံရေးစနစ်၊ အစိုးရ၊ ဥပဒေဟူသော အကြောင်းအရာများကိုလည်း ပညာပေးသွားပါသည်။ အကျဉ်းအားဖြင့် ပြောရလျှင် ဤကျမ်းသည် နိုင်ငံရေးသိပ္ပံဘာသာရပ်၏ မိတ်ဆက်သဘောဖြစ်ပါသည်။ ဤဘာသာရပ်ကိုလေ့လာသူများအတွက် ကျမ်းကိုးတွင် ပါဝင်သော နိုင်ငံရေးကျမ်းများနှင့် အခြားသောကျမ်းများကို ဆက်ဖတ်နိုင်ရန်အတွက် တံတားခင်းပေးသည့် သဘောဖြစ်ပါသည်။

*ဒေါက်တာ ခင်မောင်ဝင်း (သချာ)*